


## ဦးထုပ်ဝယ်ပေးရတဲ့ အကြောင်းရင်း

ပြီးခဲ့တဲ့ရက်တွေက ကျွန်မ ဟင်းကောင်းတော်တော် ချက်ကျွေးလိုက်ပါတယ်။ အဲဒါကြောင့်ပဲလား မသိပါဘူး။ မနေ့က ညစာစားတော့ ကျွန်မခင်ပွန်းက ခုလိုပြောပါတယ်။

ခင်ပွန်း ။ ။ ငါ့မိန်းမကိုတော့ဟော့ (ဟိုတယ်စားဖိုမှူးဆောင်းတဲ့) ဦးထုပ်ဝယ်ပေးရတော့မယ်။

ကျွန်မ ။ ။ (ကျေနပ်တဲ့အပြုံးနဲ့) မောင်ရေ... ဒါတောင် ကျွန်မလက်ရာက အကုန်မဟုတ်သေးဘူးနော်။

ခင်ပွန်း ။ ။ ကိုယ်သိပါတယ် မိန်းမရေ၊

ဒါပေမဲ့ မနက်ကချက်တဲ့ ဟင်းထဲမှာ ဆံပင်မွေးနှစ်ချောင်း တွေ့လိုက်လို့ပါ။

❖